# မြန်မာနိုင်ငံရှိ သစ်တောများနှင့် ဆက်နွှယ်သော ဘဏ်လုပ်ငန်း



မကြာသေးမီက UN Environment မှ ထုတ်ဝေသော စာတမ်းတိုတစ်ခုတွင် မြန်မာနိုင်ငံရှိ ငွေထုတ်ချေးမှုများနှင့် ရင်းနှီးမြှုပ်နှံမှုများတွင် သစ်တောပြုန်းတီးမှုကို ကင်းဝေးအောင် သတိပြုဆောင်ရွက်သော နည်းလမ်းဖြင့် ချဉ်းကပ်မည်ဆိုပါက စီးပွားရေးနှင့် ငွေရေးကြေးရေးဆိုင်ရာ အကျိုးကျေးဇူးများ လက်တွေ့ရရှိနိုင်ပုံကို ဖော်ပြထားပါသည်။ (link) အဆိုပါစာတမ်းတိုတွင် ငွေရေးကြေးရေးအဖွဲ့အစည်းများအား ၎င်းတို့၏ဖောက်သည်များ/ ၎င်းတို့ ရင်းနှီးမြှုပ်နှံပေးလိုက်သော သူများ/ ကုမ္ပဏီများ၏ လုပ်ဆောင်ချက်များကြောင့် ပေါ်ထွက်လာသော သစ်တောနှင့်စပ်လျဉ်းသည့် ထိခိုက်ဆုံးရှုံးနိုင်ခြေများအား မည်သို့လျှော့ချနိုင် မည်ဆိုသည့် အကြံပြုချက်များကို ဖော်ပြပေးထားပါသည်။ ထိုစာတမ်းတိုတွင် တင်ပြထားသည်များကို မျှဝေပေးလိုပါသည်။ သစ်တောများသည် ရေ၊ ခရီးသွားလုပ်ငန်း၊ စွမ်းအင်၊ စက်မှု၊ စိုက်ပျိုးရေးနှင့် ရေလုပ်ငန်းအပါအဝင် အလွန်အရေးပါသော ကဏ္ဍအများအပြားအတွက် တိုက်ရိုက်နှင့် သွယ်ဝိုက် တန်ဖိုးများကို ပေးနိုင်ပါသည်။ မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍအတွက် သစ်တောများမှ ပေးနေသော ဝန်ဆောင်မှုများ၏ စုစုပေါင်းတန်ဖိုးသည် နှစ်စဉ် အမေရိကန်ဒေါ်လာ ၇.၃ ဘီလျံ ရှိမည်ဟု ခန့်မှန်းထားပါသည်။ သစ်တောများသည် ပြန်လည်ပေါက်ရောက်နိုင်သော သဘာဝအရင်းအမြစ်ဖြစ်သည့်တိုင် အလွန်အကျွံ ထုတ်ယူသုံးစွဲမှုနှင့် လွဲမှားစွာ စီမံအုပ်ချုပ်မှုများ ခံရလျှင် ပြုန်းတီးကုန်ခမ်းသွားနိုင်ပါသည်။ အလွန်အကျွံထုတ်ယူသုံးစွဲမှုနှင့် လွဲမှားစွာ စီမံအုပ်ချုပ်မှုများသည် မြန်မာနိုင်ငံအတွက်

အလွန်အရေးကြီးနေသော အရေးကိစ္စတစ်ခုဖြစ်နေပြီး ၂၀၁၀-၂၀၁၅ ခုနှစ်တွင် တစ်ကမ္ဘာလုံး၌ တတိယအကြီးမားဆုံး သစ်တောပြုန်းတီးမှု ဇရိယာသည် မြန်မာနိုင်ငံမှ ဖြစ်ပါသည်။

ဘဏ်များနှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများသည် သိကောင်းမှ သိမည်ဖြစ်သော်လည်း သစ်တောများသည် ၎င်းတို့၏ ငွေစာရင်းရှင်းတမ်းများအပေါ် ကြီးမားသော သက်ရောက်မှုရှိနေပါသည်။ ဘဏ်များအနေဖြင့် လုပ်ငန်းလည်ပတ်မှုပိုင်းဆိုင်ရာ ထိခိုက်ဆုံးရှုံးနိုင်ခြေများ (operational risks) ကြုံတွေ့ရနိုင်သလို စည်းမျဉ်းစည်းကမ်း/နာမည်ဂုဏ်သတင်းပိုင်းဆိုင်ရာ ထိခိုက်ဆုံးရှုံးနိုင်ခြေများ (regulatory/ reputational risks) လည်း ကြုံရနိုင်ပါသည်။ လုပ်ငန်းလည်ပတ်မှုပိုင်းဆိုင်ရာ ထိခိုက်ဆုံးရှုံးနိုင်ခြေများသည် မိမိတို့၏ဖောက်သည်များ/မိမိတို့ ရင်းနှီးမြှုပ်နှံပေးလိုက်သူများ၏ သစ်တောများမှ ထွက်သော သွင်းအားစုများအပေါ် မှီခိုရခြင်းကြောင့် ဖြစ်ပေါ်နိုင်ပြီး နာမည်ဂုဏ်သတင်းထိခိုက်ဆုံးရှုံးနိုင်ခြေမှာမူ မိမိတို့၏ ဖောက်သည် များ/မိမိတို့ ရင်းနှီးမြှုပ်နှံပေးလိုက်သူများ၏ သစ်တောများအပေါ် ထိခိုက်စေမှုများကြောင့် နောက်ဆက်တွဲဖြစ်ပေါ်လာနိုင်ပါသည်။ အကျိုးသက်ရောက်မှုများ သို့မဟုတ် မှီခိုမှုများကြောင့် ဖြစ်ပေါ်လာသည့် အဆိုပါသစ်တောများနှင့်စပ်လျဉ်းသည့် ထိခိုက်ဆုံးရှုံးနိုင်ခြေများသည် ဘဏ်များ၏ ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းစွမ်းဆောင်ရည်စံကို ထိခိုက်စေနိုင်ပါသည်။ ပတ်ဝန်း ကျင်နှင့် လူမှုရေးဆိုင်ရာ ထိခိုက်ဆုံးရှုံးနိုင်ခြေများသည် ငွေကြေးလွှဲပြောင်းပေးရန် အတည်ပြုသည့်အဆင့်တွင် သိသာထင်ရှားမှုမရှိဘဲ လုပ်ငန်းအကောင်အထည်ဖော်သောအခါတွင်မှ ပေါ်လွင်လာခြင်းမျိုး ရှိနိုင်ပါသည်။

စိုက်ပျိုးရေးထုတ်လုပ်မှုကွင်းဆက်နှင့် ပတ်သက်နေသော ဘဏ်များကို နမူနာအဖြစ် လေ့လာကြည့်မည်ဆိုလျှင် ရင်းနှီးမြှုပ်နှံမှုအစုစုပေါ်တွင် ထိခိုက်ဆုံးရှုံးနိုင်ခြေများ ရှိသည်ကို တွေ့နိုင်ပါသည်။ ၂၀၁၆ခုနှစ်၊ ဇူလိုင်လနှင့် ဩဂုတ်လများတွင် ရေကြီးရေလျှံမှုကြောင့် မြန်မာနိုင်ငံရှိ လယ်ယာမြေဧက ၁ သန်းရေလွှမ်းခဲ့ပြီး ကောက်ပဲသီးနှံ ဧက ၅၀၀,၀၀၀ ပျက်စီးခဲ့ပါသည်။ ထိုဖြစ်ရပ်ကြောင့် တောင်သူ ထောင်သောင်းချီကာ မြန်မာ့စိုက်ပျိုးရေးဖွံ့ဖြိုးမှုဘဏ်မှ ချေးငွေများကို ပြန်မဆပ်နိုင်တော့ပါ။ ရလဒ်အနေဖြင့် မြန်မာ့စိုက်ပျိုးရေးဖွံ့ဖြိုးမှုဘဏ်သည် နောက်တစ်နှစ်တွင် ချေးငွေပမာဏကို လျှော့ချခဲ့ရပါသည်။ ယခုနှစ်တွင် ကချင်ပြည်နယ်၌ ထိုအဖြစ်မျိုး ထပ်မံကြုံရပြန်ပါသည်။ ကချင်ပြည်နယ်၏ ရေကြီးရေလျှံမှုသည် သစ်တောပြုန်းတီးမှုနှင့် ဆက်နွယ်နေပြီး လူ ၁၂ ဦး သေဆုံးကာ လူပေါင်း ၇၄,၀၀၀ နေရပ်စွန့်ခွာရွှေ့ပြောင်းခဲ့ရပါသည်။ အလားတူပင် သစ်တောပြုန်းတီးမှုနှင့် သစ်တောအတန်းအစားကျဆင်းမှုများသည် မြစ်ကြောများတွင် နုန်းအနည်အနှစ်ကျသည့်နှုန်းကို တိုးစေပါသည်။ ယင်းက ရေအားလျှပ်စစ်ထုတ်လုပ်မှုတွင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်မှုပမာဏကို ကျဆင်းစေနိုင်သည့်အတွက် လုပ်ငန်းလည်ပတ်မှုပိုင်းဆိုင်ရာ ထိခိုက်ဆုံးရှုံးနိုင်ခြေကို ဖြစ်ပေါ်စေပါသည်။ ထိုမျှသာမက နုန်းများကို ဖယ်ရှားရမှုများ သို့မဟုတ် သောင်တူးခြင်းကဲ့သို့ ကုန်ကျစရိတ်များသည့် နည်းလမ်းများကို အသုံးပြုရခြင်းကြောင့် လုပ်ငန်းလည်ပတ်မှုစရိတ်ကိုလည်း တိုးမြင့်စေပါသည်။

ဖောက်သည်များကလည်း သစ်တောပြုန်းတီးမှုတွင် တစ်ဖက်တစ်လမ်း ပါဝင်နေသော ကုမ္ပဏီများအား ချေးငွေထုတ်ပေးသူများ၏ အခန်းကဏ္ဍအပေါ် အဆိုးမြင်မှုများ ပို၍ တိုးပွားလာသည့်အတွက် ငွေရေးကြေးရေးအဖွဲ့အစည်းများ၏ နာမည်ဂုဏ်သတင်း ထိခိုက်နိုင်ခြေကို တိုးပွားစေပါသည်။ အကယ်၍ ဖောက်သည်များက ဂေဟစနစ်အပေါ် သက်ရောက်မှု နည်းပါးသော လုပ်ငန်းများ၊ ကုမ္ပဏီများအတွက်သာ ချေးငွေထုတ်ပေးသည့် အခြား ငွေရေးကြေးရေးအဖွဲ့အစည်းများသို့ ကူးပြောင်းသွားပါက ဘဏ်အပေါ် တိုက်ရိုက်ထိခိုက်စေမည်ဖြစ်ပါသည်။ နာမည်ဂုဏ်သတင်း ထိခိုက်ခြင်း၏ အကျိုးသက်ရောက်မှုအား ကိန်းဂဏန်းဖြင့် တွက်ချက်ပြရန် ခက်ခဲပါသည်။ သို့သော် အပြိုင်အဆိုင်များပြားလွန်းသည့် ကမ္ဘာ့ဈေးကွက်တွင် အပြည်ပြည်ဆိုင်ရာ ဘဏ်လုပ်ငန်းအဖွဲ့အစည်းများသည် မီဒီယာတွင် မကောင်းသတင်း ပျံ့နှံ့မည့် အန္တရာယ်ကို ယခုအခါ များစွာအလေးအနက်ထားလာကြပါသည်။

ဘဏ်များသည် ထိခိုက်ဆုံးရှုံးနိုင်ခြေများ လျော့နည်းအောင် မည်သို့ ပြုလုပ်နိုင်သနည်း။ ကနဦးပိုင်းတွင် ဖော်ထုတ်သိရှိခြင်း မရှိသည့် ထိခိုက်ဆုံးရှုံးနိုင်ခြေများကို ဖြစ်ပေါ်စေသော ရာသီဥတုပြောင်းလဲမှုကဲ့သို့ ကိစ္စရပ်များတွင် ငွေရေးကြေးရေး အဖွဲ့အစည်းများအနေဖြင့် ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ထိခိုက်ဆုံးရှုံးနိုင်ခြေများသည် ပေါ်လွင်ထင်ရှားလာပြီး မိမိတို့၏ ဖောက်သည်တစ်ဦး သို့မဟုတ် မိမိတို့ ရင်းနှီးမြှုပ်နှံပေးလိုက်သူတစ်ဦး စီးပွားရေးအရ ဆုံးရှုံးမှုများ မဖြစ်ခင် ကြိုတင် လက်ဦးမှုရယူကာ ထိုဆုံးရှုံးနိုင်ခြေပုံစံများအားလုံးကို သတ်မှတ်ဖော်ထုတ်ခြင်း၊ အကဲဖြတ်ဆန်းစစ်ခြင်းနှင့် စီမံဆောင်ရွက်ခြင်းများကို ဆောင်ရွက်ရန် လိုအပ်ပါသည်။ ငွေရေးကြေးရေးအဖွဲ့အစည်းများသည် ထိခိုက်ဆုံးရှုံးနိုင်ခြေများအား အောက်ပါနည်းလမ်းနှစ်မျိုးဖြင့် လျှော့ချနိုင်ပါသည် - (၁) ငွေထုတ်ချေးရာတွင် မိမိတို့၏ ဖောက်သည်များ/ မိမိတို့ ရင်းနှီးမြှုပ်နှံပေးလိုက်သူများ

ကြောင့် ဖြစ်ပေါ်လာနိုင်ခြေရှိသော ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သက်ရောက်မှုများကို ရှင်းရှင်းလင်းလင်း နားလည် သိရှိအောင် ဆောင်ရွက်ခြင်းနှင့် (၂) သဘာဝပတ်ဝန်းကျင်နှင့် အနီးဝန်းကျင်မှ လူမှုအသိုင်းအဝိုင်းများအပေါ် ဆိုးကျိုးသက်ရောက်မှုများကြောင့် မိမိတို့၏ ဖောက်သည်များ/ မိမိတို့ ရင်းနှီးမြှုပ်နှံပေးလိုက်သူများ၏ ငွေကြေးအရ ရေရှည်ရပ်တည်နိုင်မှုနှင့် လုပ်ငန်းများ ရေရှည်လည်ပတ်ဆောင်ရွက်သွားနိုင်မှုတို့အပေါ် ထိခိုက်သွားခြင်း မရှိစေရန် ဆောင်ရွက်ခြင်းတို့ ဖြစ်ပါသည်။ ခိုင်မာအားကောင်းသော မူဝါဒများနှင့် ဖောက်သည်များ၏ နောက်ခံရာဇဝင်များကို စစ်ဆေးခြင်း (due diligence) တို့သည်သာ သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစား ကျဆင်းခြင်းတို့ကြောင့် ဖြစ်ပေါ်နိုင်သော စည်းမျဉ်းစည်းကမ်းဆိုင်ရာနှင့် နာမည်ဂုဏ်သတင်းဆိုင်ရာ ထိခိုက်ဆုံးရှုံးနိုင်ခြေများမှ ကာကွယ်ပေးနိုင်မည်ဖြစ်ပါသည်။ ထို့ပြင် ခိုင်မာသည့် မူဝါဒများက ဘဏ်သည် သစ်တောနှင့်ဆက်နွှယ်သော ထိခိုက်ဆုံးရှုံးနိုင်ခြေများအတွက် ကောင်းမွန်သော အုပ်ချုပ်ရေးလုပ်ငန်းစဉ်ကို ကျင့်သုံးနေပြီး ပတ်ဝန်းကျင်ကို ထိခိုက်နိုင်ခြေရှိသည့် နယ်ပယ်များတွင် သတိကြီးစွာထား၍ ဆောင်ရွက်နေကြောင်း ပိုမိုကျယ်ပြန့်သော ဈေးကွက်အား အချက်ပြရာလည်း ရောက်ပါသည်။

###